# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ပြည်ထောင်စုဝန်ကြီးရုံး

**<u>အမိန့်ကြော်ငြာစာ</u>**

အမှတ်၊ ၆ / ၂၀၁၇

နေပြည်တော် ၊ ၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင် လ ၂၆ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၂) ပါလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများအတွက် အောက်ပါ အတိုင်းဝင်ငွေခွန် သက်သာခွင့်ပြုလိုက်သည် -

(က) စာရင်းဝင်ကုမ္ပဏီများအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်ပယ်မီ စုစုပေါင်း အသားတင်အမြတ် ဝင်ငွေအပေါ် ၂၀ % ဖြင့် ဝင်ငွေခွန် ထမ်းဆောင်ခွင့်၊

(ခ) စာရင်းဝင်ကုမ္ပဏီများအနေဖြင့် ယခင်က ဝင်ငွေခွန်အပြည့်အဝ ထမ်းဆောင်ရန် ပျက်ကွက်မှုရှိပါက ရန်ကုန်စတော့အိပ်ချိန်းသို့ စာရင်းဝင်သည့် ဘဏ္ဍာရေးနှစ် မတိုင်မီ ပြီးခဲ့သည့်ဘဏ္ဍာရေး (၂) နှစ်အတွက် ဝင်ငွေအမှန်ကိုဖော်ထုတ်၍ ကျသင့် ဝင်ငွေခွန်ပေးဆောင်ခွင့်နှင့် ဝင်ငွေခွန်ဥပဒေအရ ဒဏ်တပ်ရိုက်ခြင်းနှင့် တရားစွဲဆို ခြင်းတို့မှကင်းလွတ်ခွင့်၊

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၇-၂၀၁၈ ဝင်ငွေနှစ်မှ စတင်အကျိုးသက်ရောက်စေရမည်။

ကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး

------------------------------- ၀၀၀ -------------------------------

စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၃/၁(၃၀၃၉/ ၂၀၁၇)

ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်